# အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ဂွါမေကာနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် အမေရိကန် နိုင်ငံအနီးဝန်းကျင်ရှိ ဒေသတွင်းနိုင်ငံများသို့ ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်လည်သွားရောက်မည့် မြန်မာနိုင်ငံသားများအနေဖြင့် ထောက်ခံစာ တင်ပြလျှောက်ထားရာတွင် လိုအပ်သည့်အချက်အလက်များ

- ကိုယ်ရေးလျှောက်လွှာ၊
- မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ၊
- OWIC ကတ်ကိုင်ဆောင်ထားသူဖြစ်ပါက OWIC ကတ် ရှေ့/နောက်မိတ္တူ၊
- သက်တမ်းရှိ ဗီဇာအစရှိသည့် အမေရိကန်နိုင်ငံတွင် နေထိုင်ခွင့်အထောက်အထား (သို့မဟုတ်) အလုပ်လုပ်ကိုင်ခွင့်အထောက်အထား၊
- မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်ရန် အလုပ်ရှင်မှ ခွင့်ပြုထုတ်ပေးထားသော ခွင့်အမျိုးအစားနှင့် ခွင့်ကာလ တို့ ဖော်ပြပါရှိသည့် စာမူရင်း၊
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- ကုမ္ပဏီဆိုင်ရာ အချက်အလက်များ၊
- ဝင်ငွေခွန်ပေးဆောင်ထားသော ပြေစာ မိတ္တူ (၁) စုံ။

## ငွေပေးသွင်းခြင်း

- မြန်မာသံရုံးသို့ ထောက်ခံစာကြေး (USD 15) ပေးဆောင်ရာတွင် Money Order (သို့မဟုတ်) Cashier Check ဖြင့်သာ ပေးသွင်းရန်ဖြစ်ပြီး Personal Check ဖြင့် ပေးသွင်းခြင်း မပြုပါရန်နှင့် Pay to နေရာတွင် Myanmar Embassy ကိုလည်းကောင်း၊ From နေရာတွင် ပေးသွင်းသူ၏ အမည်နှင့် လိပ်စာကိုလည်းကောင်း ဖြည့်သွင်းရန် ဖြစ်ပါသည်။

## စာပို့စနစ်ဖြင့် ပေးပို့ခြင်း

- စာတိုက်မှတစ်ဆင့် ထောက်ခံစာလျှောက်ထားမှုများနှင့်ပတ်သက်၍ မြန်မာသံရုံးမှ ထောက်ခံစာ ပြန်လည်ပေးပို့နိုင်ရန် လျှောက်ထားသူ၏ လိပ်စာရေးသွင်းထားသည့် တံဆိပ်ခေါင်းကပ်ပြီး (သို့မဟုတ်) ကျသင့်တန်ဖိုးပေးချေပြီးဖြစ်သော အပြန်စာအိတ် (Return Envelope) ကို တစ်ပါတည်း ထည့်သွင်းပေးပို့ပါရန်၊ ပေးပို့သည့်စာအိတ် ပျောက်ဆုံးမှုမရှိစေရေး သတိပြုဆောင်ရွက်ကြပါရန် နှင့် ကာယကံရှင်အသုံးပြုသည့် စာပို့စနစ်ကြောင့် အချိန်မီမရရှိခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပွား ပါက လျှောက်ထားသူ၏ တာဝန်သာဖြစ်ကြောင်းနှင့် သိရှိလိုသည်များရှိပါက သံရုံး၏ အီးမေးလ် consularservices@mewashingtondc.org နှင့် ဖုန်း- (202) 332-4352 ၊ (202) 238-9332 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သို့

သံအမတ်ကြီး

မြန်မာသံရုံး၊ ဝါရှင်တန်ဒီစီမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ထောက်ခံစာထုတ်ပေးနိုင်ပါရန် တင်ပြခြင်း**

၁။ ကျွန်တော်/ ကျွန်မ____________________၊ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်______________ သည် ___________________နိုင်ငံ၊ _____________ မြို့၊ (လိပ်စာအပြည့်အစုံ)___________________ ________________________ ရှိ _____________________________ ကုမ္ပဏီ/ ဌာန/ အလုပ်ရှင်ထံတွင် _________________________ ရာထူးဖြင့် အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ ကျွန်တော်/ ကျွန်မသည် _____________________________________ခွင့်အမျိုးအစားဖြင့် မြန်မာနိုင်ငံသို့ _____________ ရက်မှ _____________ရက်အထိ ကုမ္ပဏီ/ ဌာန/ အလုပ်ရှင်၏ ခွင့်ပြုချက်ဖြင့် ခေတ္တပြန်လိုပါသဖြင့် ထောက်ခံစာ ထုတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မ ၏ လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြသော အချက်အလက်များ မှန်ကန်ပါကြောင်းနှင့် ကွဲလွဲမှုရှိပါက ကျွန်တော်/ ကျွန်မ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများအရ အရေးယူခံရမည်ကို သိရှိပါကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်။

**လေး စား မှု ဖြင့်**

လက်မှတ်၊ ______________________________

အမည်၊ ______________________________

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ______________________________

နေရပ်လိပ်စာ (ခေတ္တ)၊ ______________________________

ဖုန်းနံပါတ်၊ ______________________________

နေရပ်လိပ်စာ (အမြဲတမ်း)၊ ______________________________

______________________________